ဖြစ်လျှင် အပြစ်ရှိသည်နှင့်တပြိုင်နက် ဆရာ့အထံသွား၍ သရ-ဏာဂုံထပ်သင့်သည်။ [ လိင် ဆယ်ပါး ပါဠိနှင့် အနက်ကို နောက်ဆက်တွဲကျမှ ပြမည်။]

**ရှင်းလင်းချက်။** ။ပြခဲ့သော ပြစ်မှုဆယ်ပါးတွင် ရှေ့ငါးပါးသည် ဆယ်ပါးသီလတွင် ပါဝင်သော သိက္ခာပုဒ်များတည်း၊ ဘိက္ခုနီမကို မေထုန်ကျင့်မှုသည် ၁-နံပါတ် (အဗြဟ္မစရိယ) သိက္ခာပုဒ်နှင့် ထပ်နေသော်လည်း ဘိက္ခုနီမ၌ ကျင့်မှု၏ သာ၍ အပြစ်ကြီးကြောင်း ပြလိုသောကြောင့် သီးခြားပညတ်ထားတော်မူသည်။

မှန်၏—အဗြဟ္မစရိယ ရိုးရိုးကို ပြုကျင့်သူသည် နောင်ခါစောင့်စည်းလိုသောစိတ် ရှိလျှင် ရှင်သာမဏေ ထပ်၍ ဖြစ်ခွင့်ရ၏၊ အသက်စေ့လျှင် ရဟန်းပြုခွင့်လည်း ရ၏၊ ဘိက္ခုနီမ၌ ကျင့်မိသူကား (ရဟန်းပြုဘို့ မဆိုထားဘိ) ရှင်သာမဏေ ထပ်၍ ပြုခွင့်မျှ မရတော့ချေ။

**ဒဏ်ထိုက်ခြင်း။** ။"ရေဒဏ် ဆယ်ခေါက် ထမ်းရမည်, သဲဒဏ် ငါးခေါက် ထမ်းရမည်, ကျောင်းဝိုင်း အတွင်း၌ အမှိုက်ရှင်းရမည်"စသည်ဖြင့် အပြစ်ပေးမှု (နောင်မပြုဝံ့အောင် နှိပ်ကွပ်မှု)ကို"ဒဏ်ပေးခြင်း"ဟု ခေါ်၏၊ ထိုသို့ ဒဏ်ပေးခံရလောက်အောင် ပြစ်မှု ကျူးလွန်မိခြင်းကို "ဒဏ်ထိုက်သည်"ဟုခေါ်၏၊ "ဒဏ်ပေးခြင်းငှါ+ထိုက်သည်" ဟု ဆိုလိုသည်၊ ထို ဒဏ်ထိုက်လောက်သော ပြစ်မှု ဆယ်ပါးကား—